ပုံတောချောင်ကျေးရွာ

ကန့်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၂၆-၂၀၂၇ )



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပုံတောချောင်ကျေးရွာ၊ ပျဉ်းမငူကျေးရွာအုပ်စု၊ ကန့်ကြီးထောင့်မြို့နယ်
(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၆ ခုနှစ်၊ မေလ

**မာတိကာ**


မာတိကာ ၁

စကားချီး ၅

ပုံတောချောင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆**

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇**

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈

အပိုင်း (ခ) စီမံကိန်းဆိုင်ရာအချက်အလက်များ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၉

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၂၈

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ


**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ**


ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း များ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှု များ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့် အလမ်းများ

ဇယား၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာ နှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၉

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၁

**ကိုးကားစာရင်း** ၇၃

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာ များပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သော အချက် အလက် များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက် ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များ ကို မူဘောင် အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မေ လ၊ ၂၀၂၆ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပုံတောချောင်ကျေးရွာ၊ ပျဉ်းမငူကျေးရွာအုပ်စု
ကန်ကြီးထောင့်မြို့နယ်

**ပျဉ်းမငူကျေးရွာအုပ်စု၊ ပုံတောချောင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်**



ပျဉ်းမငူကျေးရွာအုပ်စု၊ ပုံတောချောင်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှု ဇယား



## ပျဉ်းမငူကျေးရွာအုပ်စု၊ပုံတောချောင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်


ပျဉ်းမငူကျေးရွာအုပ်စု၊ ပုံတောချောင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

ပုံတောချောင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင်ရရှိမှု | [illegible] | [illegible] | မိုးစပါး စိုက် | — | — | — | မိုးစပါးရိတ် | မိုးစပါးရိတ် | မိုးစပါး ရိတ် | [illegible] | — | — |
| ငွေရေးကြေးရေး အခြေအနေ | ၈၈၈ | ၈၈၈ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀ | ၈၈၈ | ၈၈၈ | ၀၀၀ | ၀၀ | ၀၀ |
| အသုံးစရိတ် | ၀၀ | ၀၀ | ၈၈၈ | ၈၈၈ | ၈၈ | ၈၈ | ၈၈ | ၀၀ | ၀၀ | ၈၈၈ | ၈၈ | ၈၈ |
| ရောဂါပိုးဖြစ်မှု | — | — | ၈ | — | — | — | — | — | — | ၈ | — | — |
| ဝမ်းစာရေးပူမှု | ရှိ | ရှိ | လျော့နည်း | မရှိ | လျော့နည်း | - | — | ရှိ | ရှိ | လျော့နည်း | မရှိ | လျော့နည်း |
| [illegible] | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| [illegible] | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | ရှိ |
| ကျန်းမာရေး အခြေအနေ | ရှိ | ရှိ | လျော့နည်း | မရှိ | | | | | | လျော့နည်း | မရှိ | လျော့နည်း |
| [illegible] | | | | | | | ရှိ | | | | | ရှိ |
| ပွဲတော်များ | [illegible] | [illegible] | | | | | [illegible] | [illegible] | | | | |
| သာသနာ [illegible] | ရှိ | ရှိ | ရှိ | ရှိ | ရှိ | | | | | | | |
| [illegible] | ရှိ | ရှိ | | | | | ရှိ | ရှိ | ရှိ | | | |

→ သင်္ကြန်ပွဲ → [illegible] → မီးထွန်းပွဲ → ကထိန်ပွဲ

CS Scanned with CamScanner

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ပျဉ်းမငူကျေးရွာအုပ်စု၊ ပုံတောချောင် ကျေးရွာသည် အိမ်ခြေနှင့် လူဦးရေ များပြားသော်လည်း ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခြင်းကြောင့် ဤအစီအစဉ်တွင်ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ် သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမ ဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထု ပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက် အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်း ပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူတက်ကျွမ်းမှု မရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစု တင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိ အောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှူဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါ သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်း အသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ပုံတောချောင်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ပျဉ်းမငူကျေးရွာအုပ်စု အတွင်းတည်ရှိ၍ ဒါးကလမ်းခွဲ ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ဆိုင်ကယ်၊ ကားများဖြင့် လာရောက်နိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ရာသီဥတုမှာ ပုံမှန်အနေအထားရှိပြီး မြေပြန့်ဒေသ တွင်တည်ရှိ၍ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏ ဘေးပတ်လည် တွင် လယ်ကွင်းများနှင့် အခြားကျေးရွာများ ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးကို အဓိက စိုက်ပျိုးကြပါသည်။ မိုးစပါးအတွက် မိုးရေနှင့် နွေစပါးအတွက် ကျေးရွာအနီး ချောင်းလက်တက် မှချောင်းရေဖြင့် စိုက်ပျိုးကြသူများရှိပါသည်။ ကျေးရွာအတွင်း လယ်ယာမြေ ဧကပေါင်း (၂၀၅) ဧကခန့် ရှိပြီး လယ်မြေ သီးသန့် (၂၀၅) ဧကခန့်ဖြစ်ပါသည်။ မြေဆီသြဇာ အသင့်အတင့် ကောင်းမွန် ပါသည်။ ကျေးရွာတွင်

သဘာဝတွင်းထွက်သယံဇာတများမရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရှိနိုင်မှု နည်းပါး သွားပြီဖြစ်ပါသည်။ ကြက်၊ ဝက်၊ ဘဲများကိုသာ တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ဆေးဖက်ဝင် အပင်များ အသင့်အတင့်ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၁၅) စုနှင့် ကျား (၂၅၂) ဦး၊ မ (၂၅၁) ဦးဖြင့် လူဦးရေပေါင်း (၅၀၃) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ ၄ ဦးနှုန်းခန့်ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးနှုန်းထက် လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာ၊ ကရင် လူမျိုးများ အများစုနေထိုင်ကြပြီး အလုပ် လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၅၀% ခန့်ရှိပြီး အမျိုးသား/ အမျိုးသမီးဦးရေ စုစုပေါင်းအရေအတွက် အလွန်ကွာခြားမှု မရှိသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များ ကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိ ရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်း၊ ဈေးရောင်းခြင်း၊ ဝန်ထမ်း၊ ဒိန်းဒေါင်းမောင်း၊ စက်ချုပ်ခြင်း၊ ၊ မွေးမြူရေး၊ လက်သမား/ ပန်းရံ၊ အထည်ချုပ်စက်ရုံလုပ်သားနှင့် နေ့စားလုပ်သားများဖြစ်ကြပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်သာရှိပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် မိမိတို့ရွာအနေအထားဖြင့်ကြည့်သော် အိမ်ထောင်စုအားလုံး၏ ၄၅ % ခန့်သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး ၁၀% သည် အဆင်ပြေသည့်အဆင့်၊ ၄၅% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်သည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု၊ လက်လုပ်မီးမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုအနည်းငယ်ရှိသဖြင့် ကျေးရွာစီးပွားရေးအနေအထားမှာအနည်းငယ်ကောင်းမွန်ပါသည်။ ဆင်းရဲအဆင့်တွင် လက်လုပ်လက်စား ကျပန်းများ၊အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၆၀%) ခန့်ထိရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများလည်း ပါဝင်ကြသည်။ ဧကအနည်းငယ်မျှသာ ပိုင်ဆိုင်သည့် အိမ်ထောင်စု များလည်း ရှိပါ သည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာနှစ်ပုံတစ်ပုံကျော်ရှိပြီးလက်လုပ် လက်စား ကျပန်းလုပ်သားများလည်း ပါဝင်ပါသည်။ ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက ဝင်ရောက် လုပ်ကိုင်ကြပြီး ဈေးရောင်းခြင်း၊ ပန်းရံ၊ မွေးမြူရေးလုပ်ငန်းနှင့် နေ့စားအလုပ်များ လုပ်ကိုင် စားသောက် ကြပါသည်။ ထိုသူများတွင် ဆင်းရဲနွမ်းပါးသူ ကျပန်းလုပ်သားများလည်း ပါဝင်ပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု၏ ၄၅% ဖြစ်သော အိမ်ထောင်စု (၅၂) စုအား လေ့လာဆန်းစစ်မှု အရ ယင်းတို့အားလုံး၏ ၃၃ % ခန့်မှာ သူတပါးထံမှ မချေးမငှားပဲ ၆ လမှ ၁၂ လ အထိ ဝမ်းစာဖူလုံမှုရှိကြောင်း တွေ့ရှိ ရသည်။ ချေးငွေအများစုကို ဆွေမျိုးများ/ မိတ်ဆွေများ၊ ဟာနာငွေစုငွေ ချေး ချေးငွေနှင့် စိုက်ပျိုးရေး ချေးငွေများ ချေးယူကာ လုပ်ငန်းအရင်းအနှီး၊ စားသုံးရန်နှင့် ကျန်းမာရေး ကိစ္စရပ်များအတွက် အဓိက သုံးစွဲကြပြီး ပညာရေးနှင့် အခြားကိစ္စရပ်များအတွက် ဒုတိယ အနေအထား တွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားကျပန်းများနှင့် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုများဖြစ်ပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် အပူအအေးလွန်ကဲခြင်း၊ မပြေလည်သော အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာအခက်အခဲနှင့် တိရိစ္ဆာန်ရောဂါကျရောက်မှု အနည်းငယ် ရှိခြင်းတို့ဖြစ်ပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကလေး ငယ်အများစုသည် ကျန်းမာကြသော်လည်း တခါတရံ ရာသီအကူးအပြောင်းကြောင့် ရာသီ တုပ်ကွေး ဖြစ်ပွားမှုများနှင့် မိုးရာသီတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုများရှိတတ်ပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း အများစုတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့် ရှောက်မှုများကို ကျိုက်လတ်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ အနီးဆုံး သွားရောက်ကုသ နိုင်ပါသည်။

ကျေးရွာတွင်အဝီစိတွင်းများတူး၍ မော်တာဖြင့် ရေမောင်းတင်ကာ သောက်ရေ၊ သုံးရေများကို အသုံးပြုကြပါသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် ပညာရေးအဆင့်အတန်း အသင့်အတင့်ရှိ ပါသည်။ လက်ရှိကျောင်းတက်နေသည့် ကျောင်းသားဦးရေ၊ ဘွဲ့ရရှိသူများနှင့် တက္ကသိုလ် ပညာသင်ကြား သူဦးရေများ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ကျောင်းမရှိသဖြင့် ပျဉ်းမငူကျေးရွာအုပ်စု၊ ပုံတောချောင်ကျေးရွာတွင် အထက်တန်း

ကျောင်းခွဲ မရှိသဖြင့် ဒါးကသို့ သွားရောက် ပညာသင်ကြားရပါသည်။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များ အတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများ သည် နည်းပါး ဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာတည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံး ကြပါ သည်။ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ပညာရေးနှင့် ဆိုင်သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကိန်းဂဏန်း များတွင် ကျား/ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ဆိုနိုင်ပါသည်။ နေ့တွက် လုပ်အားခ ငွေများမှာ လုပ်အားစိုက်ထုတ်ရမှုပေါ်မူတည်၍ အနည်းငယ်ကွာခြားပါသည်။ အုပ်ချုပ် ရေးအဖွဲ့အစည်း များ တွင် အမျိုးသမီးပါဝင်မှုမရှိသော်လည်း လူမှုရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ကူညီ ဆောင်ရွက် ကြပါသည်။ ကျား/မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာ ပေးခြင်းများ ကို မြှင့်တင် ဆောင်ရွက် ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက် အပံ့ဖြစ်လာ နိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် သီးသန့်ဖွဲ့စည်းထားသော အဖွဲ့များ သီးသန့်မရှိသော်လည်း ကျေးရွာ၏ သာရေး၊ နာရေးနှင့် လူမှုရေးလုပ်ငန်းများတွင်လည်း ကျေးရွာရှိ ပြည်သူများ ပူးပေါင်းပါ ဝင်ဆောင် ရွက်လျက်ရှိပါ သည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသော စိုက်ပျိုးမွေးမြူရေး သမဝါယမငွေအဖွဲ့အဖြစ် ချေးငွေရယူသူအနည်းအကျဉ်း ရှိပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးကို အဓိက စိုက်ပျိုးပြီး အခြားသီးပင်စားပင်များလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။အချို့သော အိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်းများကို တစ်နိုင် တစ်ပိုင်လုပ်ကိုင်ကြသည်။ ကျေးရွာအတွင်း လယ်ယာမြေ (၂၀၅) ဧကခန့် ခန့်ရှိသဖြင့် လယ်ယာမြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ မိုးစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၉၀) တင်းနှုန်း၊ နွေစပါး တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၈၀) တင်းနှုန်းထွက်ရှိသည်။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်

နှစ်တိုင်း ဖျက်ပိုးကျရောက်မှု အသင့်အတင့်ရှိပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် ကုန်းလမ်းကို အဓိက အသုံးပြုပါသည်။

ကျေးရွာတွင် ကိုယ်ပိုင် လက်တွန်းထွန်စက်များ၊ ရိတ်ခြွေစက်၊ နှင့် ရေစုပ်စက် များဖြင့် လုပ်ကိုင်သူများရှိသကဲ့သို့ လယ်ယာမြေနည်းပါးသူများမှာလည်း စက်များငှား ရမ်း၍ လည်း ကောင်း၊ နွားများဖြင့်လည်းကောင်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးသဖြင့် ကျေးရွာမှ ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင် အသင့်အတင့်ရရှိပြီး နီးစပ်ရာ ကျေးရွာ များသို့လည်း နေ့စားအဖြစ် သွားရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် နွားမွေးမြူသူ အနည်းငယ်ရှိပါသည်။ စီးပွားဖြစ် ကြက်မွေးမြူသည့် အိမ်ထောင်စု အချို့လည်းရှိပါသည်။ ရာသီအလိုက် ဖြစ်ပွား တတ်သော တိရိစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက် တတ်သည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူသည့် အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့် ကောင်ရေ အသင့်အတင့်သာ ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ။ ကျေးရွာအနီးရှိ မြို့များသို့ သွားရောက် ကာစက်ရုံ၊ အလုပ်ရုံ ဝန်ထမ်းများအဖြစ် လုပ်ကိုင်ကြသူများ၊ ဈေးရောင်းခြင်း၊ စက်ချုပ်၊ ဒိန်းဒေါင်း မောင်း၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ထမ်းများနှင့် လက်သမား/ ပန်းရံ လုပ်ကိုင်သူများသာရှိပါသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေ အထားတွင်ရှိသည်။ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် လစာအမျိုးမျိုး ရရှိကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ အသင့်အတင့်ရှိပြီး လူ့အရင်းအမြစ် အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဝန်ဆောင်မှုပေးနိုင်သည့် သင်တန်းများရှိသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြ သည်။ ထို့ကြောင့် လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်း ကျင်မှု အခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတု မြေ သြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ စွန့်ပစ်ပစ္စည်း စီမံ ခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်ရန် သဘာဝ ပတ်ဝန်း ကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးစေလိုပါသည်။ မြေပြန့်ဒေသ အပိုင်း တွင်

တည်ရှိပြီး ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ လယ်ယာမြေများနှင့် သစ်ပင်များဖြင့် စိမ်းလန်းစိုပြေ နေ၍ မိုးခေါင်ခြင်းသဘာဝအန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေ ကို တစ်လအတိုးနှုန်း ၇ဝ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ငွေစုငွေချေးအဖွဲ့များမှလည်း လုပ်ငန်းအလိုက် အတိုးနည်း ချေးငွေ ရယူနိုင်ကြသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ဆေးဝါးကုသ လိုမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုကို ကျိုက်လတ်ကျေးရွာ တွင်းရှိ ကျေးလက်ဆေးပေးခန်းနှင့် အရေးပေါ်လိုအပ်ပါက ဒါးကတိုက်နယ်ဆေးခန်းသို့ လည်းကောင်း၊ပုသိမ် ပြည်သူ့ဆေးရုံကြီး သို့လည်း သွားရောက် ကုသနိုင် ပါသည်။ သောက်သုံးရေအတွက် အဝီစိတွင်းမှ ရေကို တုံကင်၊မော်တာများဖြင့် တင်၍ အသုံးပြုကြပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပလေ့ရှိပါသည်။ လူ ငယ်အချို့သည် အရက်သေစာသောက်စားမှု အနည်းငယ်ရှိကြသော်လည်း လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုများ ရှိသည်။ လူငယ်များအသိဉာဏ်ဖွံ့ဖြိုးရေးအတွက် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်လည်း လိုအပ်လျှက်ရှိပါသည်။

## (ဇ) အခြေခံအဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းလမ်းမှာ မိုးတွင်းကာလ လမ်းပျက်စီးမှုများ၊ ရွှံ့ဗွက်ထခြင်းများ ဖြစ်လေ့ရှိပါသည်။ အခြားကျေးရွာများ မှလည်း မိမိတို့ကျေးရွာလမ်းမှတစ်ဆင့် မြို့နှင့် ဆက်သွယ်သွားလာရသဖြင့် ပတ်ဝန်းကျင်ကျေးရွာများ၏ ပင်မလမ်းကြောင်းလည်းဖြစ်ပါသည်။ ရွာချင်းဆက်လမ်းများ အနေဖြင့် ဝက်ထိုးကျေးရွာ၊ ရေတွင်းစုကျေးရွာနှင့် ဆက်သွယ်သော လမ်းများရှိပြီး အခြားကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးအတွက် အဓိကအသုံးပြုရသော လမ်းများဖြစ်ပါသည်။ ကျေးရွာတွင် တံတားမရှိပါ။

ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ သို့သော်လည်း ကိုယ်ထူကိုယ်ထ ဆိုလာမီးများ၊ ဘတ္တရီမီးများ အသုံးပြုပါသည်။ ချက် ပြုတ်စားသောက်ရာတွင် ထင်းမီး၊ ဖွဲမီး စသဖြင့် အသုံးပြုကြပါသည်။ ဆိုလာမီးများ၊ ဘတ္တမီးများ အသုံးပြုသော အချို့အိမ်ထောင်စုများမှာ ကျောင်းသူ/

သားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ် ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါ သည်။ ချို့တဲ့သော အိမ်ထောင်စုများတွင် ဖယောင်းတိုင်မီးများ၊ ရေနံ ဆီမီးများကို အသုံးပြုကြရသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ အိမ်ထောင်စုအများအပြား လက်ကိုင်ဖုန်းများ အသုံးပြုနိုင်သဖြင့် အင်တာနက်အသုံးပြုနိုင်မှုမှာလည်း အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်မှုရှိပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် ဆက်သွယ်သိရှိနိုင်သည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။

## ၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုများအဖြစ် ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ မိုးတွင်းကာလ လမ်းပျက်စီးခြင်း၊သောက်သုံးရေအတွက်အခက်အခဲရှိခြင်း၊ လျှပ်စစ်မီးမရှိခြင်း ၊စိုက်ပျိုးရေးထွက်ကုန်များနှင့်လယ်ယာသုံးစက်ကိရိယာများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သယ်ယူနိုင်ရန်အတွက်ကုန်ထုတ်လမ်းမရှိသေးခြင်း၊ကျေးလက်နေပြည်သူများ ၏ မိသားစုဝင်ငွေတိုးပွားရေးနှင့် စိုက်ပျိုးမွေးမြူရေးအတွက် လုပ်ငန်းများပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန် အရင်းအနှီးလုံလောက်စွာ မရရှိခြင်းတို့မှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများဖြစ်နေပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်_

က.၁) ကျေးရွာအတွင်းလမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာအောင် တိုးချဲ့ဖန်တီးခြင်းမှ တစ်ဆင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်း ဖြင့် လူမှုစီးပွားဘဝကိုတိုးတက်ကောင်းမွန်စေမည်။

က.၂) ကျေးရွာရှိပြည်သူများ နေ့ရာသီတွင် ရေရှားပါးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိလာအောင် စက်ရေတွင်း တူဖော်ခြင်းဖြင့် ဆောင်ရွက် သွားမည်။

က.၃) ကျေးရွာလူထုသည် ကျေးရွာ မီးလင်းရေးဆောင်ရွက်သွားမည်။

က.၄) ကျေးရွာရှိပြည်သူများ၏ စိုက်ပျိုးရေးထွက်ကုန်များရာသီမရွေးအဆင်ပြေ ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းဖြင့် အထောက် အပံ့ ဖြစ်စေပါမည်။

က.၅) မြစိမ်းရောင်စီမံကိန်း ရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင်း ကျေးရွာရှိပြည်သူများ၏ မိသားစုဝင်ငွေများတိုးပွားလာရန်နှင့်စိုက်ပျိုးရေးမွေးမြူရေး လုပ်ငန်းများ အထောက် အပံ့များဖြစ်စေပါမည်။

က.၆) RBFစီမံကိန်းရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင်း ကျေးရွာရှိပြည်သူများ၏ မိသားစု ဝင်ငွေများ တိုးပွားရေးနှင့် စိုက်ပျိုးရေးမွေးမြူရေး လုပ်ငန်းများအတွက် အရင်းအနှီး အထောက် အပံ့များဖြစ်စေပါမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ .၁) ကျေးရွာအတွင်းလမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာအောင် တိုးချဲ့ဖန်တီးခြင်းမှ တစ်ဆင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် သက်ဆိုင်ရာ ဌာနများနှင့်ချိတ် ဆက်ဆောင်ရွက်သွားမည်။

ခ .၂) ကျေးရွာရှိပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိလာအောင် စက်ရေတွင်း အား သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ .၃) ကျေးရွာတွင် မီးလင်းရေးအတွက် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိအောင် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက် သွားမည်။

ခ.၄) ကျေးရွာရှိပြည်သူများ၏ စိုက်ပျိုးရေးထွက်ကုန်များနှင့်လယ်ယာသုံးစက်ကိရိယာများ ရာသီမရွေးအဆင်ပြေ ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန် ကုန်ထုတ်လမ်းအား သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက် ဆောင်ရွက် သွားမည်။

ခ.၅)   ကျေးရွာရှိပြည်သူများ၏ မိသားစုဝင်ငွေများတိုးပွားလာရန်နှင့်စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများ အထောက်အပံ့များပိုမို ရရှိလာရန် မြစိမ်းရောင်စီမံကိန်း ရရှိအောင် သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက် ဆောင်ရွက် သွားမည်၊

က.၆)  ကျေးရွာရှိပြည်သူများ၏ မိသားစု ဝင်ငွေများ တိုးပွားရေးနှင့် စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများအတွက် အရင်းအနှီး အထောက် အပံ့များဖြစ်စေရန် သက်ဆိုင်ရာ ဌာနနှင့်ချိတ်ဆက်၍ RBFစီမံကိန်းရရှိအောင်ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစု ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေ ဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့ များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှု များကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များ နှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ် လည်ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာချင်းဆက်လမ်းများအဆင့်မြှင့် ပြုပြင်ခြင်း

တူးမြောင်းရှိသော်လည်း တိမ်ကောနေပြီဖြစ်ပြီး ပြန်လည် ဆယ်ယူရန် သက်ဆိုင်ရာ ဌာန များဖြစ်သည့် ဆည်မြောင်းဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်ဆောင်ရွက်ပါမည်။နောင်လာမည့်နှစ်များတွင်လည်းလိုအပ်သလိုပြုပြင်ထိ

န်းသိမ်းမှုများကိုသက်ဆိုင်ရာဌာနနှင့်ကျေးရွာမှပူးပေါင်းကာဆက်လက်ဆောင်ရွက်သွားပါမည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှလည်းလိုအပ်သလိုပူးပေါင်းဆောင်ရွက်ပါမည်။

**(ဂ ) ပညာရေးအထောက်အပံ့များရရှိအောင်ဆောင်ရွက်ခြင်း**

ကျေးရွာရှိ မူလတန်းအဆင့် မတက်ရောက်မီ၅နှစ်အောက် ကလေးငယ်များ ကာယဉာဏစာရိတ္တများ ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ကျေးရွာအနေဖြင့် မူကြိုကျောင်း ဆောင်အသစ်ရရှိနိုင်အောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ သက်ဆိုင်ရာ ဌာနများနှင့်ချိတ်ဆက် ဆောင်ရွက်ပါမည်။

**(ဃ) ကျန်းမာရေးအထောက်အပံ့များရရှိအောင်ဆောင်ရွက်ခြင်း**

ကျေးရွာရှိပြည်သူများအတွက် ကျန်းမာရေးအထောက်အပံ့များရရှိအောင် အသိပညာပေးဟောပြောပွဲ၊ ကျေးရွာတွင်းကျန်းမာရေး ဝန်ဆောင်မှုများ အလွယ်တကူရရှိရန် ကျေးလက်ဆေးပေးခန်း ရရှိရေး သက်ဆိုင်ရာကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။

**(င) လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း**

ကျေးရွာတွင်လျှပ်စစ်မီးမရရှိသေးပါသဖြင့် လျှပ်စစ်မီးရရှိရန်လိုအပ်ပါသည်။ ၄၀၀ဗို့အားလိုင်း လျှပ်စစ်မီးရရှိရန် သက်ဆိုင်ရာ ဌာန ဖြစ်သည့် မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းအဖွဲ့နှင့်ချိတ်ဆက်ဆောင်ရွက် သွားပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ထို့ကြောင့်စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက်စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မှုဘောင်သည် သဘာဝဘေး အန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ကို

နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက် တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထု သည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံ ချက် လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်_

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ပျဉ်းမငူကျေးရွာအုပ်စု၊ ပုံတောချောင်ကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ* | | | | | |
| | ၁။ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်ရန် | ၁၀၀ | ၁ | - မိုးရာသီတွင်ရွှံ့နွံများထူထပ်ပြီးချိုင့်များရှိခြင်းကြောင့် သွားလာရခက်ခဲခြင်း | ကျေးလက် ဦးစီးဌာန |
| | ၂။ကုန်ထုတ်လမ်းဆောင်ရွက်ပေး ရန် | ၇၀ | ၄ | - စိုက်ပျိုးရေးထွက်ကုန်များနှင့်လယ်ယာသုံးစက်ကိရိယာ များ ရာသီမရွေးအဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင် နိုင်ရန် | ကျေးလက် ဦးစီးဌာန |
| *ရေပေးရေး* | | | | | |
| | ၃။စက်ရေတွင်းဆောင်ရွက်ပေးရန် | ၉၀ | ၂ | - ကျေးရွာနေပြည်သူများနွေရာသီတွင်ရေရှားပါးမှု အန္တရာယ်မှကာကွယ်နိုင်ရန်နှင့်သန့်ရှင်းသော သောက်သုံး ရေ ဖူလုံစွာရရှိစေရန် | ကျေးလက် ဦးစီးဌာန |
| ငွေရေးကြေးရေး | | | | | |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၄။ မြစိမ်းရောင်စီမံကိန်းချပေးရန် | ၆၀ | ၅ | - ကျေးရွာတွင်းအရင်းအနှီးမတည်ငွေရှာဖွေပေးခြင်းဖြင့်မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများနှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်စေရန် | ကျေးလက် ဦးစီးဌာန |
| | ၅။ RBFစီမံကိန်းချပေးရန် | ၅၀ | ၆ | - ကျေးရွာတွင်းလည်ပတ်ရန်ပုံငွေထူထောင်ပေးခြင်းဖြင့်မိသားစုဝင်ငွေတိုးပွားရေးနှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်အရင်းအနှီးရရှိစေရန် | ကျေးလက် ဦးစီးဌာန |
| မီးလင်းရေး | | | | | |
| | ၆။မဟာဓာတ်အားလိုင်းချပေးရန် | ၈၀ | ၃ | - ၄၀၀ဗို့အားလိုင်းလျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပေးရန် | လျှပ်စစ် ဦးစီးဌာန |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက် ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ |
|---|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ရန် | ၁ | —— | | | | | |
| ၂။စက်ရေတွင်းဆောင်ရွက်ပေးရန် | ၂ | | —— | | | | |
| ၃။မဟာဓါတ်အားလိုင်းချပေးရန် | ၃ | | | —— | | | |
| ၄။ ကုန်ထုတ်လမ်းဆောင်ရွက် ပေးရန် | ၄ | | | | —— | | |
| ၅။ မြစိမ်းရောင်စီမံကိန်းချပေးရန် | ၅ | | | | | —— | |
| ၆။ RBFစီမံကိန်းချပေးရန် | ၆ | | | | | | —— |

### ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် အချို့ စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှု ပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါ

သည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ် သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခင်းဆောင်ရွက်ရန် | ၁၈၀ သိန်း | | √ | | |
| ၂ | မဟာဓာတ်အားလိုင်းချပေးရန် | | | √ | | |
| ၃ | စက်ရေတွင်းဆောင်ရွက်ပေးရန် | | | √ | | |
| ၄ | ကုန်ထုတ်လမ်းဆောင်ရွက် ပေးရန် | | | √ | | |
| ၅ | မြစိမ်းရောင်စီမံကိန်းချပေးရန် | | | √ | | |
| ၆ | RBFစီမံကိန်းချပေးရန် | | | √ | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင် ပါမည်။ ဥပမာ- လမ်းကော်မတီသည် လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငွေကြေးစီမံခန့်ခွဲမှုများပြုလုပ်၍ တာဝန်ယူဆောင်ရွက်စေပြီး ကျေးရွာသူ/ သား များက လုပ်ငန်းပြီးစီးရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ လမ်းအား ထိန်းသိမ်း စောင့်ရှောက်ခြင်းများကို အဖွဲ့အလိုက် စီမံဆောင်ရွက်ပါမည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင် ရွက် ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက် ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ ကျေးရွာ ရေကော်မတီ မှလည်း မြေသားရေကန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သန့်ရှင်းရေးနှင့် လိုအပ်သည်များ ပြင်ဆင်နိုင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်** ဆက်သွယ်၍ အကူအညီများ ရယူရပါမည်။ အခြား ဖွံ့ဖြိုး ရေးလုပ်ငန်းများအားလည်း လုပ်ငန်းအလိုက် အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အထောက် အပံ့များ ရရှိရေး သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက် သွားပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက် ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ

ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါ သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့ပြင် လမ်းအသုံးပြုမှု တန်ချိန်သတ်မှတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ရေရှည်ပြုပြင်ထိန်းသိမ်းရေးအတွက်လည်း သက်ဆိုင်ရာဌာနများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစ ကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက် ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာ တိုးတက် မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို လုပ်ငန်း စတင် ဆောင်ရွက်ချိန်မှ ပြီးဆုံးချိန် အထိ အပြင်

၎င်း နောက် ပြုပြင်ထိန်းသိမ်းရန်အတွက်ပါ ကြီးကြပ်ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော် မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်း

လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက် နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

